# မြန်မာစာရင်းအင်းဖိုရမ်( ၂၀၁၉) ကျင်းပ

နေပြည်တော် နိုဝင်ဘာ ၂၉

"လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းအင်းဆိုင်ရာအသိပညာမြှင့်တင်စို့" ဆိုသည့် ဆောင်ပုဒ်ဖြင့် စီမံကိန်း ၊ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့က ကျင်းပသည့် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၉) ဖွင့်ပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ Grand Amara ဟိုတယ်၌ ကျင်းပရာစာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူ တက်ရောက်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေး ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌစီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်း၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးသန့်စင်မောင်၊ ဦးအုန်းဝင်း၊ ဦးဝင်းခိုင်နှင့် ဦးကျော်တင်၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့်ဝန်ကြီးဌာနများမှ စာရင်းအင်းဆိုင်ရာတာဝန်ရှိသူများ၊ စာရင်းအင်းပညာရှင်များ၊ စာရင်းအင်းသုတေသနအဖွဲ့အစည်းများမှ သုတေသနပညာရှင်များ၊ ပြည်တွင်းပြည်ပဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍနှင့် လုပ်ငန်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများတက်ရောက်ကြသည်။

အခမ်းအနားတွင်ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ကုလသမဂ္ဂ စာရင်းအင်းကော်မရှင်က အောက်တိုဘာလ ၂၀ ရက်နေ့ကို ကမ္ဘာ့စာရင်းအင်းနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံအသီးသီးတွင်(၅)နှစ် (၁)ကြိမ်ကျင်းပလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံတွင် ကမ္ဘာ့စာရင်းအင်းနေ့ကို ၂၀၁၅ခုနှစ်တွင် ကျင်းပနိုင်ခဲ့ပြီးစာရင်းအင်းဆိုင်ရာ အချက်အလက် ထုတ်ပြန်သူများနှင့်အချက်အလက်သုံးစွဲသူများအကြား ဆက်ဆံရေးကောင်းမွန်စေရန်၊ လိုအပ်နေသည့် စာရင်းအင်းများဖြည့်ဆည်းရန်နှင့် အကျိုးသက်ဆိုင်သူများအကြား ပူးပေါင်းဆောင်ရွက်ရန်ပြုလုပ်သည့် Platform တစ်ရပ်အဖြစ် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၈) ကို ကျင်းပနိုင်ခဲ့ကြောင်း။

ယနေ့ ၂၀၁၉ ခုနှစ် ဖိုရမ်ကို မြန်မာနိုင်ငံတွင်အရည်အသွေးပြည့်ဝသည့် စာရင်းအင်းများ ထုတ်ပြန်နိုင်ရေးအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်ခြင်း၏ အရေးပါမှုကို သိရှိစေရန်၊ စာရင်းအင်းအချက်အလက်များ၏အရေးပါမှုကိုပြည်သူများအား အသိပညာပေးမြှင့်တင်ပေးရန် ရည်ရွယ်ပြီး "စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရန် စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့""Our Statistics, Our Society: Promoting Statistical Literacy" ဆိုသည့် ဆောင်ပုဒ်နှင့်ကျင်းပခြင်းဖြစ်ပါကြောင်း။

ထို့ပြင် ယနေ့အခမ်းအနား၏ နောက်ထပ်ရည်ရွယ်ချက်များမှာ ၂၀၁၉ ခုနှစ် ဇန်နဝါရီ (၂၂) ရက်တွင် စတင်အသက်ဝင်လာသည့် စာရင်းအင်းဥပဒေ၏အခန်းကဏ္ဍနှင့် စာရင်းအင်းဆိုင်ရာ ပညာ

ရပ်၏အရေးပါမှုကို မြို့ပြ၊ ကျေးလက် အလွှာအသီးသီးအထိ သိရှိနားလည်စေရန်အတွက် အသိပညာပေးရန်၊ကဏ္ဍစုံ၊ ဌာနစုံပူးပေါင်းဆောင်ရွက်ခြင်းဖြင့် စာရင်းအင်းအရည်အသွေး မြှင့်တင်ရန်နှင့် ကျောင်းသားလူငယ်များအကြား စာရင်းအင်းပညာရပ်အားလက်တွေ့ အသုံးပြုမှုမြှင့်တင်ပေးရေးအတွက် Statistics Quiz များ ဆောင်ရွက်နိုင်ရန်အတွက် ဖြစ်ပါကြောင်း။

စာရင်းအင်းအချက်အလက်မှန်ကန်ရေးကိစ္စသည် ဖွံ့ဖြိုးပြီးနိုင်ငံများနှင့် ဖွံ့ဖြိုးဆဲနိုင်ငံများအတွက် ပါအလွန်အရေးပါပါကြောင်း၊ နိုင်ငံဖွံ့ဖြိုးစေရန်အခြေခံဖြစ်သည့် စာရင်းအင်းများ ရှေ့နောက်ညီညွတ်မှုရှိရန်၊ အချိန်မီရရှိရန်၊ ယုံကြည်ကိုးစားနိုင်သည့် ခိုင်မာသည့် စာရင်းအင်းများရရှိရန်၊ အထူးသဖြင့်ပုဂ္ဂလိကကဏ္ဍမှ စာရင်းအင်းများရရှိရန် လိုအပ်လျက်ရှိပါကြောင်း၊ အရည်အသွေးရှိသည့် စာရင်းအင်းများရရှိမှသာ နိုင်ငံတော်၏လက်ရှိဖြစ်ပေါ်နေသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး အခြေအနေများကို ထင်ဟပ်နိုင်မည်ဖြစ်ပါကြောင်း၊ ပြည်သူများ၏လိုအပ်ချက်များကို ဖြည့်ဆည်းပေးရန်လက်တွေ့ကျသည့် မူဝါဒများကိုခိုင်မာအောင် ဆောင်ရွက်သည့်နေရာတွင် အရည်အသွေးရှိသည့် စာရင်းအင်းများသည် မရှိမဖြစ်အရေးပါပြီး ဖွံ့ဖြိုးတိုးတက်ရန်လိုအပ်နေသည့် ကဏ္ဍများ၊ နေရာဒေသများအတွက် ဦးစားပေး ရှာဖွေဖော်ထုတ်ရာတွင်လည်းအလွန်အရေးပါပါကြောင်း။

ထို့အပြင်မူဝါဒ ပိုမိုကောင်းမွန်ရန်ပြင်ဆင်ရန်ရှိနေသည်များကိုလည်း ပြန်လည်ပြင်ဆင် နိုင်မည်ဖြစ်ပါကြောင်း၊ စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မှန်ကန်သည့်အချက်အလက်များအပေါ် အခြေခံပြီးရင်းနှီးမြှုပ်နှံမှုများ ဆောင်ရွက်နိုင်မှသာအရှုံးဖြစ်ပေါ်နိုင်မှုနှင့် စွန့်စားရမှု (Risk Management) တို့ကိုထိရောက်စွာ စီမံခန့်ခွဲနိုင်မည်ဖြစ်ပါကြောင်း။

စာရင်းအင်းဥပဒေအရ စာရင်းအင်းမူဝါဒအနှစ်ချုပ် (Statistical Policy Brief)၊ စာရင်းအင်းဆိုင်ရာဖွံ့ဖြိုးမှု အမျိုးသားအဆင့်မဟာဗျူဟာ (National Strategy for Development of Statistics-NSDS)နှင့် NSDS Action Plan တို့ကိုရေးဆွဲခဲ့ပြီး သက်ဆိုင်ရာအလိုက်လုပ်ငန်းအဖွဲ့များဖွဲ့စည်းကာအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါကြောင်း၊ ခေတ်စနစ်နှင့်အညီ ဌာနများ၏လိုအပ်ချက်နှင့်အညီ အကောင်အထည်ဖော်နိုင်ရန်အတွက် NSDS Action Plan ကိုLiving Document အနေဖြင့် ထားရှိဆောင်ရွက်လျက်ရှိပါကြောင်း။

နိုင်ငံတိုင်းတွင် စာရင်းအင်းထုတ်လုပ်သူများ၊ စာရင်းအင်းအသုံးပြုသူများနှင့် စာရင်းအင်းနှင့် ဆက်နွယ်ပတ်သက်နေသူများအားလုံး လိုက်နာဆောင်ရွက်ရမည့်ကျင့်ဝတ်များ ထုတ်ပြန်ထားသကဲ့သို့ မြန်မာနိုင်ငံတွင်လည်း ထုတ်ပြန်နိုင်အောင်ဆောင်ရွက်နေပြီ ဖြစ်သည့်အတွက် ထွက်ပေါ်လာမည့် ကျင့်ဝတ်နှင့်အညီ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့အပြင် မိမိတို့နိုင်ငံ၏အခြေအနေနှင့် လျော်ညီသည့်ဖွံ့ဖြိုးမှုလိုအပ်ချက်များကို ထည့်သွင်းထားသည့် မြန်မာနိုင်ငံ၏ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသည့်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း(၂၀၁၈-၂၀၃၀) (Myanmar Sustainable Development Plan- MSDP 2018-2030) ကို အတည်ပြုခဲ့ပြီးရေးဆွဲထားသည့် မဟာဗျူဟာများနှင့် အညီလုပ်ငန်းစဉ်များကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါကြောင်း၊ MSDP ကို အကောင်အထည်ဖော်ဆောင်ရာတွင် တိုးတက်မှု၊

ထိရောက်မှုများကို စောင့်ကြည့်အကဲဖြတ်နိုင်စေရန်အတွက် အမျိုးသားညွှန်ကိန်းမူဘောင် (National Indicator Framework-NIF)တစ်ရပ်ပေါ် ထွက်လာစေရေး ဝန်ကြီးဌာနများ၊ ဦးစီးဌာနများ၊ အစိုးရမဟုတ်သည့်အဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်များနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

ပြည်သူတို့၏လူနေမှုဘဝကို မြှင့်တင်ပေးနိုင်ရန်၊ လက်တွေ့ကျသည့်စီမံကိန်းများတွင် မှန်ကန်သည့် စာရင်းအင်းများအသုံးပြုနိုင်ရန် လိုအပ်သည့်အတွက်အစိုးရဌာန အသီးသီးအနေဖြင့် မိမိတို့၏ စာရင်းအင်းကဏ္ဍ ပိုမိုကောင်းမွန်လာရန်ဆောင်ရွက်ရာတွင် ပုဂ္ဂလိကကဏ္ဍ၊ သုတေသနအဖွဲ့အစည်းများနှင့် ပညာရှင်များ၊ လူမှုအဖွဲ့အစည်းများ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ သတင်းမီဒီယာများအားလုံးပူးပေါင်းဆောင်ရွက်ရန်လိုအပ်ပါကြောင်း။

စာရင်းအင်းရလဒ်များကို ထိရောက်မှန်ကန်စွာထုတ်ပြန်နိုင်စေရန်အတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ စာရင်းအင်းဆိုင်ရာ အချက်အလက်ထုတ်ပြန်သူများနှင့် အချက်အလက်သုံးစွဲသူများ အကြား ဆက်သွယ်ပေါင်းစည်းမှုများ တိုးတက်ကောင်းမွန်စေရေး ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့်" စာရင်းအင်းကိန်းဂဏန်းများ တိကျမှန်ကန်ရေး" အတွက် အချက်အလက်များကို စုစည်းခြင်း၊ပြုစုခြင်း၊ခွဲခြားဆန်းစစ်ခြင်း၊ အစီရင်ခံခြင်း၊ ထုတ်ပြန်ခြင်း စသည့် လုပ်ငန်းစဉ်များတွင်ထိရောက်ပြီး စွမ်းဆောင်ရည်ပြည့်ဝစွာဆောင်ရွက်ရန် လိုအပ်ပါကြောင်း။

စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေး ပြည့်ဝရေးသည် နိုင်ငံ တစ်နိုင်ငံ၏ ပုံရိပ်ကိုဖော်ပြနိုင်ပြီးတစ်ဖက်တွင်လည်း အစိုးရနှင့်ပြည်သူများအကြား၊ နိုင်ငံတကာ အသိုင်းအဝိုင်းများအကြား ယုံကြည်မှုတိုးမြှင့်စေနိုင်ပါကြောင်း၊ စာရင်းအင်းအချက်အလက်များသည်နိုင်ငံတစ်နိုင်ငံ၏ သမိုင်းမော်ကွန်းမှတ်တမ်းများအတွက်အခြေခံအလွန်ကျပါကြောင်း။

မိမိတို့နိုင်ငံအနေနှင့် အခြားနိုင်ငံများနည်းတူ စာရင်းအင်းနယ်ပယ်တွင် အရည်အသွေးရှိသည့် စာရင်းအင်းများကိုရရှိရန်ဆိုလျှင် စာရင်းအင်းနယ်ပယ်သည် ခေတ်စနစ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာရန်လိုပါကြောင်း၊ စာရင်းအင်းနယ်ပယ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် စစ်တမ်းများ ကောက်ခံရန်လိုအပ်သကဲ့သို့ ဌာနဆိုင်ရာများ၏ အုပ်ချုပ်မှုမှတ်တမ်းများ ပြည့်စုံမှန်ကန်စေရေး၊ အသေးစိတ်အချက်အလက်များ မှတ်တမ်းများတွင်ပါဝင်စေရေးသည်လည်း အရေးပါပါကြောင်း၊ စာရင်းအင်းနှင့်ဆန်းစစ်လေ့လာမှုများ ဆောင်ရွက်တတ်ရန်၊စာရင်းအင်းများ စနစ်တကျ စုစည်းရေးသွင်းမှတ်သားခြင်းကိစ္စရပ်ကို အပိုအလုပ်သဖွယ်မမြင်ဘဲနိုင်ငံတော်၏ ယန္တရားချောမွေ့စွာလည်ပတ်နိုင်ရေးအတွက် အလွန်အရေးကြီးသည်ဟုသိမြင်ပြီး စာရင်းအင်းဆိုင်ရာ အသိပညာနှင့် အချက်အလက်များကို အသုံးပြုသည့်အလေ့အထ (Data Culture) ကို ဌာနဆိုင်ရာများမှသာမက အများပြည်သူနှင့် ပုဂ္ဂလိကစီးပွားရေးအဖွဲ့အစည်းများအကြားတွင်ပါ ပျံ့နှံ့စေရေးအတွက် Platform တစ်ခုဖြစ်ပေါ်လာအောင် မြန်မာစာရင်းအင်းဖိုရမ်ကို နှစ်စဉ်ကျင်းပဆောင်ရွက်နေခြင်း ဖြစ်ပါကြောင်း။

မိမိတို့နိုင်ငံသည် ဖွံ့ဖြိုးဆဲနိုင်ငံဖြစ်သည့်အတွက် အချိန်၊ ငွေကြေးနှင့် လူအင်အားစသည့် အကန့်အသတ်နှင့် တည်ရှိသည့်ရင်းမြစ်များအကြား စာရင်းအင်းဆိုင်ရာနယ်ပယ်တွင် တတ်နိုင်သမျှရင်းနှီးမြှုပ်နှံပြီး အထိရောက်ဆုံးအသုံးချနိုင်ရေးသည် အရေးကြီးပါကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် မဟာဗျူဟာများ၊ မူဝါဒများချမှတ်ခြင်း၊ စီမံကိန်းများ အကောင်အထည်ဖော်ခြင်းနှင့် စောင့်ကြည့်အကဲဖြတ်ခြင်း တို့ကိုထိရောက်မှုရှိစေရန်အတွက် အရည် အသွေးပြည့်ဝပြီး တိကျမှန်ကန်သည့် စာရင်းအင်းအချက်အလက်များကို အချိန်နှင့်တစ်ပြေးညီ လွယ်လင့်တကူရရှိအသုံးပြုနိုင်ရေးသည် များစွာအရေးကြီးပါကြောင်း၊ ထို့ကြောင့် စာရင်းအင်း၏အရေးပါပုံကိုပြည်သူများပိုမိုသိရှိအောင် "စာရင်းအင်းအချက်အလက်နှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်ဖို့ စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ စာရင်းအင်းအချက်အလက်မှန်ကန်ရေးနှင့် အရည်အသွေးပြည့်ဝရေးတို့အတွက် ဗဟိုကော်မတီအဖွဲ့ဝင်များ၊ ဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများ၊ လုပ်ငန်းအဖွဲ့များနှင့် Stakeholders အသီးသီးတို့က တက်ကြွစွာပါဝင်ဆောင်ရွက်ကြရန် အလေးအနက်တိုက်တွန်းလိုပါကြောင်း ပြောကြားသည်။

ထို့နောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက နှုတ်ခွန်းဆက်အမှာစကား ပြောကြားသည်။

ယင်းနောက် ၂၀၁၉ ခုနှစ် ကမ္ဘာ့စာရင်းဆိုင်ရာအထိမ်းအမှတ်နေ့ စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင် ဆုရရှိကြသူများကို ဆုများပေးအပ်ချီးမြှင့်ရာ ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတဦးဟင်နရီဗန်ထီးယူက ပထမဆုရ မိတ္ထီလာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးဦးစိုးဝင်းက ဒုတိယဆုရ ရန်ကုန်စီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား၊ ကျောင်းသူများကိုလည်းကောင်း၊ ပြည်ထောင်စုဝန်ကြီး ဦးကျော်တင်က တတိယဆုရ မုံရွာစီးပွားရေးတက္ကသိုလ်မှ အဖွဲ့ခေါင်းဆောင်နှင့် ကျောင်းသား၊ ကျောင်းသူများကို လည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် ဒုတိယသမ္မတနှင့် ပြည်ထောင်စုဝန်ကြီးများသည် ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးများနှင့်လည်းကောင်း၊ လွှတ်တော် ကိုယ်စားလှယ်များ၊ အမြဲတမ်းအတွင်းဝန်များ၊ ညွှန်ကြားရေးမှူးချုပ်များနှင့်လည်းကောင်း၊ ပြည်တွင်း၊ ပြည်ပဖွံ့ဖြိုးမှုမိတ်ဖက်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များနှင့်လည်းကောင်း၊ စာရင်းအင်းဆိုင်ရာစကားဝိုင်းဆွေးနွေးပွဲတွင် ပါဝင်ဆွေးနွေးကြမည့်သူများနှင့် စာရင်းအင်းဆိုင်ရာ သုတဉာဏ်စမ်းပြိုင်ပွဲတွင်ဆုရရှိကြသူများနှင့်လည်းကောင်း မှတ်တမ်းတင်ဓာတ်ပုံ ရိုက်ကြသည်။

ယင်းနောက် ဒုတိယသမ္မတ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများသည် စာရင်းအင်းဆိုင်ရာ စာအုပ်စာတမ်းများ၊ စာရင်းအင်းဆိုင်ရာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို လိုက်လံကြည့်ရှုအားပေးကြသည်။

ယခုကျင်းပသည့် မြန်မာစာရင်းအင်းဖိုရမ် (၂၀၁၉) တွင် စာရင်းအင်းဆိုင်ရာ အချက်အလက်များ အပေါ် ယုံကြည်မှုခိုင်မာအားကောင်းလာစေရေးနှင့် စာရင်းအင်းပညာရပ်အား အသိပညာပေး မြှင့်တင်နိုင်ရန် Panel Session များပြုလုပ်ခြင်း၊ ဗဟိုစာရင်းအင်းအဖွဲ့၊ စီးပွားရေးလုပ်ငန်းများ မှတ်ပုံတင်ခြင်းဆိုင်ရာ စာရင်းအင်းလုပ်ငန်းများအကြောင်း မိတ်ဆက်ခြင်းနှင့် အသစ်ပြန်လည် ရေးသားထားသည့် ဗဟိုစာရင်းအင်းအဖွဲ့ Website [(https://www.csostat.gov.mm)](https://www.csostat.gov.mm) အား ပြသ ခြင်း တို့ကို ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။


atistical Literacy"
Grand Amara H
Pyi Taw
H INITIATIVE


Literacy"
nara Hotel,
Taw





မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical
Grand Amara


မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical


မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical


MOPF
မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical Literacy"


မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical Literacy"



မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical Literacy"
CENTRAL STATISTICAL ORGANIZATION




MOPF
CENTRAL STATISTICAL ORGANIZATION
မြန်မာစာရင်းအင်းဖိုရမ်
၂၀၁၉
“လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ဖို့
စာရင်းအင်းဆိုင်ရာ အသိပညာမြှင့်တင်ကြပါစို့”
"Our Statistics, Our Society: Promoting Statistical Literacy"



